# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
# လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒု-ကြီးကြပ်ရေးမှူး(စီမံရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ်ဌာန) | (၆)နေရာ | တက္ကသိုလ်တခုခုမှဘွဲ့ရရှိသူ (သို့မဟုတ်)ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ရရှိသူ |
| (ခ) | ဒု-ကြီးကြပ်ရေးမှူး(ဥပဒေရေးရာဌာန) | (၃)နေရာ | LLB(သို့မဟုတ်)မဟာဥပဒေဘွဲ့ |
| (ဂ) | ဒု-ကြီးကြပ်ရေးမှူး(ဘဏ္ဍာရေးဌာန) | (၈)နေရာ | B.Com(CPA)(သို့မဟုတ်) M.Comဘွဲ့ရရှိသူ (သို့မဟုတ်)တက္ကသိုလ်တခုခုမှဘွဲ့ရရှိပြီးDA(သို့မဟုတ်)LCCILevel(III)(သို့မဟုတ်)ACCAအောင်မြင်ပြီးသူ |
| (ဃ) | ဒု-ကြီးကြပ်ရေးမှူး(စီးပွားရေးဌာန) | (၉)နေရာ | စီးပွားရေးပညာနှင့်သက်ဆိုင်သောဘွဲ့တခုခုရရှိပြီးသူ (သို့မဟုတ်)တက္ကသိုလ်တခုခုမှဘွဲ့ရရှိပြီးစီးပွားရေးနှင့်ပတ်သက်သောဒီပလိုမာတခုခုရရှိပြီးသူ(သို့မဟုတ်) စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ရရှိသူ |
| (င) | ဒု-ကြီးကြပ်ရေးမှူး(နည်းပညာဌာန) | (၆)နေရာ | BE(EC/IT)(သို့မဟုတ်) B.C.Sc(သို့မဟုတ်)B.C.Techဘွဲ့ရရှိသူ |

၂။ လျှောက်ထားသူများသည်-

(က)၃၁-၈-၂၀၁၇ရက်တွင်အသက်(၃၀)နှစ်၊ဝန်ထမ်းဖြစ်ပါကအသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ခ)ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ)အင်္ဂလိပ်စာကောင်းမွန်သူ၊ကွန်ပျူတာMicrosoft (Word, Excel,PowerPoint) ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(ဃ)အလုပ်သမားမှတ်ပုံတင်ရရှိထားသူဖြစ်ရမည်။(ဝန်ထမ်းမဟုတ်သူများ)

၃။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အတူအောက်ပါအချက်အလက်များပူးတွဲလျက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ စီမံရေးရာနှင့်ဥပဒေရေးရာဌာနကြီး၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အမှတ်(၄၄/၁၄၄)အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့သို့လိပ်မူ၍၃၀-၉-၂၀၁၇ရက်နေ့နောက်ဆုံးထား၍အရောက်ပို့ရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အသက်အထောက်အထားအတွက်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူမှန်

(ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှလျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်းရရှိသည့်ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

(ဃ) လိုင်စင်ဓါတ်ပုံ(၂)ပုံ

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(စ) ဝင်ကြေးငွေကျပ်-၅၀၀၀/-ပေးသွင်းသည့်ချလန်မူရင်း

၄။ လျှောက်ထားသူများသည်မြန်မာစာ၊ အင်္ဂလိပ်စာ၊အထွေထွေဗဟုသုတ၊ ကွန်ပျူတာကျွမ်းကျင်မှုနှင့်Personality and Behavior test များကိုဖြေဆိုရမည်ဖြစ်ပြီး၊မေးခွန်းတစ်ခုလျှင်(၂)နာရီကြာရေးဖြေ၊လက်တွေ့စာမေးပွဲဖြေဆိုရမည် ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုလူတွေ့စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ရေးဖြေစာမေးပွဲကျင်းပမည့်ရက်ကို သတင်းစာများတွင်ထည့်သွင်းကြော်ငြာသွားမည်ဖြစ်ပါသည်။

၅။ ဝန်ထမ်းများသည်မိမိတို့၏လျှောက်လွှာများကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံရေးရာနှင့်ဥပဒေရေးရာဌာနကြီး၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊အမှတ်(၄၄/ ၁၄၄)အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ သက်ဆိုင်ရာဌာနမှတစ်ဆင့်၃၀-၉-၂၀၁၇နောက်ဆုံးထားလျှောက်ထားရမည်။(ကြိုတင်မိတ္တူကိုပေးပို့ရမည်။)

၆။ စာမေးပွဲဝင်ကြေးငွေကျပ် ၅၀၀၀/-ကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)၊ ရန်ကုန်ငွေစာရင်း အမှတ်OA-010333သို့ပေးသွင်းရမည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန်သတ်မှတ်ထားသည့်ရက်ထက်နောက်ကျရောက်ရှိလျှင်သော်လည်းကောင်းလျှောက်လွှာများကိုလက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ ရွေးချယ်ခြင်းခံရသူများအားလစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တွင်ကနဦးလစာကျပ်၁၈၀၀၀၀/-ဖြင့်စတင် ခန့်ထားပါမည်။

၉။အသေးစိတ်အကြောင်းအရာများကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံရေးရာနှင့်ဥပဒေရေးရာဌာနကြီး၊ လူ့စွမ်းအားအရင်း အမြစ်ဌာန၊ အမှတ်(၄၄ / ၁၄၄) အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်းနံပါတ်- ၀၁-၂၀၂၆၀၀၊ ၀၉ - ၄၂၃၀၀၆၃၄၈ ၊ ၀၉-၅၀၂၁၀၅၉တို့တွင်စုံစမ်းနိုင်ပါသည်။